ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၇၉ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စ၍အကျိုးသက်ရောက်စေရမည်။

၂။ ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင်ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန် ပေးဆောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) ပြည်ပနေနိုင်ငံသားများသည် သက်ဆိုင်ရာသံရုံး သို့မဟုတ် ကောင်စစ်ဝန်ချုပ်ရုံးတွင် အောက်ပါကိစ္စရပ်များ ဆောင်ရွက်ချိန်၌ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၂ ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် ပေးဆောင်ရမည်-

(၁) နိုင်ငံကူးလက်မှတ်အဟောင်းမှ အသစ်သို့လဲလှယ်ခြင်း၊

(၂) နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း၊

(၃) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-C of I) ပြုလုပ်ခြင်း၊

(၄) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-C of I) သက်တမ်းတိုးခြင်း၊

(၅) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-C of I) ဖြင့် နိုင်ငံကူးလက်မှတ် လျှောက်ထားခြင်း၊

(၆) အထွေထွေကိုယ်စားလှယ်လွှဲစာ သို့မဟုတ် အထူးကိုယ်စားလှယ်လွှဲစာ ပြုလုပ်ခြင်း၊

(၇) ထောက်ခံစာပြုလုပ်ခြင်း၊

(၈) အခွန်လာရောက်ပေးဆောင်ခြင်း၊

(၉) ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်ပြား (Overseas Worker Identification Card-OWIC) ပြုလုပ်ခြင်း။

(ခ) အပိုဒ်ခွဲ (က) ပါနည်းလမ်းနှင့်အညီ ဝင်ငွေခွန်ပေးဆောင်ရာတွင် ဤအမိန့်ကြော်ငြာစာ အကျိုးသက်ရောက်သည့်နေ့မှစ၍ သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်း ကျသင့်မည့် ဝင်ငွေခွန်ကို ရရှိသောနိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၃။ ပြည်ပနေနိုင်ငံသားသည် အပိုဒ် ၂ ပါ နည်းလမ်းဖြင့် ဝင်ငွေခွန်ပေးဆောင်ပြီး ဝင်ငွေနှစ်ကုန်ဆုံးပြီးနောက် ဝင်ငွေခွန်နည်းဥပဒေများ နည်းဥပဒေ ၉ နည်းဥပဒေခွဲ (ဈ) နည်းဥပဒေခွဲငယ် (၁) နှင့်အညီ ဝင်ငွေကြေညာလွှာတင်သွင်း၍ အပြီးသတ်စည်းကြပ်မှုခံယူရမည်။ တင်သွင်းသော ဝင်ငွေကြေညာလွှာအပေါ် စည်းကြပ်မှုအရ ကျသင့်သောအခွန် ထပ်မံပေါ်ပေါက်ပါက ထိုအခွန်ကို ထပ်မံပေးဆောင်ရမည်။

၄။ ပြည်ပနေနိုင်ငံသားသည် ဝင်ငွေကြေညာလွှာတင်သွင်းခြင်းမရှိပါက အပိုဒ် ၂ ပါ နည်းလမ်းဖြင့် ပေးဆောင်ခဲ့သည့်ဝင်ငွေခွန်ကို သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း အပြီးသတ်စည်းကြပ်မှုအတွက် ပေးဆောင်သည့်အခွန်အဖြစ် မှတ်ယူရမည်။

၅။ ပြည်ပနေနိုင်ငံသားသည် ဝင်ငွေနှစ်ကုန်ဆုံးချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် အဆိုပါ ဝင်ငွေနှစ်အတွင်း ဝင်ငွေမရှိကြောင်း သို့မဟုတ် ပေးဆောင်ထားသော အခွန်ငွေထက် လျော့နည်းသော အခွန်ငွေပေါ်ပေါက်ကြောင်း ဝင်ငွေကြေညာလွှာနှင့်အတူ အထောက်အထားခိုင်လုံစွာတင်ပြပြီး သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ စည်းကြပ်မှုခံယူ၍ ပြန်အမ်းငွေပေါ်ပေါက်ပါက ယင်းပြန်အမ်းငွေကို ပြန်လည်တောင်းခံနိုင်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၁/၂၅၄ (၇၁၆၂ /၂၀၂၃)
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
အခွန်အယူခံခုံအဖွဲ့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
မြန်မာနိုင်ငံစာရင်းကောင်စီ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ်၊ } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ကြေညာပေးနိုင်ပါရန်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
အမိန့်အရ

(signature)

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)